# ဧဝံဂေလိတရားတင်ဆက်သည့် ဇာတ်ညွှန်း (ကလေးများအတွက်)

ဒီနေ့ ကျွန်တော့်မှာ အရမ်းစိတ်လှုပ်ရှားစရာကောင်းတဲ့ ပုံပြင်တစ်ခု ပြောပြစရာရှိတယ်။ ဒီအရာက ဖြစ်ရပ်မှန်ဇာတ်လမ်းလေး တစ်ပုဒ်ဖြစ်တယ်။ ကျွန်ုပ် အခုပြောပြမယ့်အရာတွေအားလုံးက တကယ်ဖြစ်ပျက်ခဲ့တယ်။

ဒါဟာ အကောင်းနဲ့အဆိုး ဇာတ်လမ်း ဖြစ်တယ်။ ဒီဇာတ်လမ်းဟာဆိုရင် ဘုရားသခင်ရယ် သူဖန်ဆင်းတဲ့အရာတွေနဲ့အတူ သင်နဲ့ကျွန်တော့်အကြောင်း ဖြစ်တယ်။

ဒီဇာတ်လမ်းလေးကတော့ ဘုရားသခင်ရဲ့ မေတ္တာတော်အကြောင်း၊ သင့်ရဲ့တန်ဖိုးနဲ့ မကောင်းမှုအားလုံးကနေ သင့်ကိုကယ်တင်ဖို့ ဘုရားသခင် ဘယ်လောက်အထိ ပေးဆပ်ပြီး လုပ်ဆောင်ပေးလိုစိတ်ရှိကြောင်း ဖော်ပြတဲ့ ဇာတ်လမ်းဖြစ်ပါတယ်။

အချိန်ကာလအစမှာ ဘုရားသခင်ဟာ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းခဲ့တယ်။ အဲ့ဒီအချိန်မတိုင်ခင်မှာ ရှုပ်ထွေးပျက်စီးနေပြီး မှောင်မဲနေပေမယ့် ဘုရားသခင်က အလင်းကို ယူဆောင်ပေးပြီး စနစ်တကျဖြစ်စေခဲ့တယ်။

ဘုရားသခင်ဟာ ဟိုဒီသွားလာနေတတ်တဲ့ တိရစ္ဆာန်တွေ၊ ရေထဲကငါးတွေ၊ မိုးကောင်းကင်က ငှက်တွေ စတဲ့ သက်ရှိအားလုံးကို ဖန်ဆင်းခဲ့တယ်။ ဘုရားသခင်ဟာ မြစ်တွေ တောင်ကုန်းတွေနဲ့ သစ်ပင်တွေကို ဖန်ဆင်းခဲ့တယ်။

ဘုရားသခင်ဟာ ``များပြားစွာမွေးဖွားပြီး ကမ္ဘာပေါ်မှာ လူတွေနဲ့ပြည့်စေပါ´´ လို့လူကိုပြောခဲ့တယ်။ ``သင်တို့ဟာ မြေကြီးပေါ်မှာ အုပ်ချုပ်ရတဲ့သူတွေဖြစ်လို့ ကောင်းစွာစောင့်ရှောက်ကြပါ´´ လို့မှာခဲ့တယ်။ သူတို့အတွက် အစားအစာနှင့် ပျော်ရွှင်တဲ့ဘဝအတွက် လိုအပ်တာ မှန်သမျှကို ထောက်ပံ့ပေးခဲ့တယ်။

သူတို့နေတဲ့နေရာရဲ့ အလယ်မှာ ဘုရားသခင်က ဘယ်တော့မှ မစားရဘူးလို့ တားမြစ်ထားတဲ့ အပင်တစ်ပင်ရှိတယ်။ အဲ့ဒါကတော့ ကောင်းမကောင်းသိကျွမ်းရာ အပင်ဖြစ်တယ်။ ဘုရားသခင်က သူ့စကားကို နားမထောင်ပဲ အဲ့ဒီအပင်က အသီးကိုစားရင် သူကပဲ ပေးနိုင်တဲ့ အသက်နဲ့ ကောင်းကြီးတွေကနေ ဝေးကွာရလိမ့်မယ်လို့ ပြောခဲ့တယ်။

ကဲ၊ ဘာဖြစ်သွားကြလဲ သိကြလား။ ဘုရားသခင်ရဲ့ရန်သူ မာရ်နတ်ဟာ မြွေပုံစံနဲ့လာပြီး အဲ့ဒီအပင်ကအသီးကို စားဖို့ အယုံသွင်းခဲ့တယ်။ သူတို့ဟာ ဘုရားသခင်ကို ပုန်ကန်ပြီး အပြစ်ကျူးလွန်ခဲ့ကြတယ်။ သူတို့ဘဝထဲကို အပြစ်ဝင်ရောက်လာတဲ့အခါမှာတော့ ဘုရားသခင်နဲ့ အဆက်အသွယ် ပြတ်တောက်သွားခဲ့ကြတယ်။ ဘုရားခင်ကပေးထားတဲ့ ကြွယ်ဝတဲ့အသက်တာနဲ့လည်း ဝေးကွာသွားခဲ့ကြတယ်။

သူတို့ ဘုရားသခင်ကို ပြစ်မှားတဲ့အခါ သူတို့ဘက်က ဘယ်လိုမှ ကျော်လွှားဖို့မဖြစ်နိုင်တဲ့ အဆီးအတားကြီး ပေါ်လာခဲ့တယ်။ သူတို့တွေ ကျိန်ခြင်းခံရပြီး မာရ်နတ်ဟာ သူတို့ကို ကျွန်လိုစေခိုင်းတဲ့ သခင်ဖြစ်လာတော့တယ်။

ဒါဟာ သူတို့နောက်မှာမွေးဖွားလာတဲ့ လူသားအားလုံးအတွက် ပြဿနာဆိုးကြီး ဖြစ်လာပြီး လူသားတွေအားလုံးအပေါ် သေခြင်းနဲ့ ဘုရားသခင်နဲ့ ကွဲကွာခြင်းဆိုတဲ့ ကြောက်မက်ဖွယ် အခြေအနေ ကျရောက်ခဲ့ရတယ်။ အပြစ်ဆိုတာ လူသားအားလုံးဆီ ကူးစက်တတ်တဲ့ ကြောက်မက်ဖွယ်ရာ ရောဂါဆိုးကြီးနဲ့တူတယ်။ အဲ့ဒီအရာက ကျွန်ုပ်တတ်တို့အားလုံးကို ဘုရားခင်နဲ့ဝေးကွာတဲ့ ငရဲထဲမှာ ထာဝရကျရောက်စေတယ်။

အဲ့ဒီလိုဖြစ်သွားတဲ့အခါ ဘုရားခင်က သူ့ရဲ့လူသားတွေအပေါ်ထားတဲ့ အချစ်က လျော့မသွားခဲ့ပါဘူး။ လူသားအားလုံးကို ဆက်ပြီးချစ်နေဆဲပါပဲ။

ဒါ့ကြောင့် ဘုရားသခင်ဟာ ဒီပြဿနာကို ဖြေရှင်းဖို့ အစီအစဉ်တစ်ခု ပြင်ဆင်ခဲ့တယ်။ သင်နဲ့ ကျွန်ုပ်ကို သူ့ထံကနေ ကွဲကွာစေတဲ့ အပြစ်ဆိုတဲ့ အကျည်းတန်တဲ့အတားအဆီးကြီးကို ဖျက်စီးပစ်ဖို့ အကြံအစည်တစ်ခု ရှိခဲ့တယ်။ ဘုရားသခင်ဟာ အပြစ်ကိုဖယ်ရှားဖို့အတွက် နည်းလမ်းတစ်ခုကို ပြင်ဆင်ခဲ့ပါတယ်။

ဘုရားသခင်ဟာ စုံလင်ပြီး သန့်ရှင်းဖြောင့်မတ်တဲ့သူဖြစ်တာကြောင့် သူ့ရဲ့လူသားတွေကို အပြစ်ရဲ့ ညှင်းဆဲမှုကနေ လွတ်မြောက်စေဖို့အတွက်က နည်းလမ်းတစ်ခုပဲရှိပါတယ်။ အပြစ်ရဲ့ အတားအဆီးကို ချေမှုန်းဖို့က တစ်နည်းပဲရှိပါတယ်။ သင်နဲ့ ကျွန်ုပ်ကို ကယ်ဖို့က နည်းတစ်နည်းပဲရှိပါတယ်။

ကျွန်ုပ်တို့ရဲ့ အပြစ်ကိုပေးဆပ်ဖို့အတွက် အပြစ်ကင်းစင်တဲ့ ယဇ်ကောင်လိုအပ်ပါတယ်။ အပြစ်ကင်းတဲ့သူဟာ အပြစ်ရှိတဲ့သူအတွက် အသေခံပေးရမှာဖြစ်ပါတယ်။ အပြစ်ကင်းတဲ့သူဟာ အကြွေးတင်ပြီး ပြန်မဆပ်နိုင်တဲ့ သူတွေအတွက် သူမယူထားတဲ့ အကြွေးကို ဆပ်ပေးရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် ဘုရားသခင်ရဲ့အစီအစဉ်က အပြစ်ကင်းတဲ့ လူ့အသွင်နဲ့ ဘုရားသခင်ရဲ့သားတော်အဖြစ် ဒီလောကကို ကြွလာဖို့ဖြစ်ပါတယ်။ သူ့နာမည်ကတော့ ယေရှုဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ယေရှုဟာ ဣသရေလနိုင်ငံက မြို့ငယ်လေးတစ်မြို့မှာ မာရိဆိုတဲ့ အပျိုကညာကနေ မွေးဖွားလာခဲ့တယ်။ သူဟာ အဲ့ဒီခေတ်က တခြားသူတွေလိုပဲ အရွယ်ရောက် ကြီးပြင်းလာခဲ့တယ်။ ဒါပေမယ့် အပြစ်ရောဂါ မစွဲကပ်ပဲ မွေးဖွားလာတာကြောင့် သူဟာအပြစ်ကင်းစင်စွာနဲ့ ဘဝကိုအသက်ရှင်နိုင်ခဲ့တယ်။

ယေရှုအသက် ၃၀ အရွယ်လောက်မှာသူဟာ အပြစ်အဆီးအတားကြီးကို ဖျက်ဆီးဖို့ ဘုရားသခင်က စေလွှတ်တဲ့သူဖြစ်ကြောင်း၊ အဲ့ဒီအားဖြင့် လူတွေဟာ ကယ်တင်ခြင်းရပြီး သူတို့ကိုဖန်ဆင်းတဲ့အရှင်၊ သူတို့ကိုချစ်တဲ့အရှင်နဲ့ ပေါင်းသင်းဆက်ဆံရေးရရှိနိုင်မှာ ဖြစ်ကြောင်း လူတွေကို စတင်ပြောပြခဲ့တယ်။

ဘုရားခင်ကလည်း လူတွေကို ကူညီဖို့ ယေရှုကို အံ့သြဖွယ်တန်ခိုးတွေ ပေးခဲ့တယ်။ ဖျားနာတဲ့သူ တချို့တွေ ပြန်ကျန်းမာလာကြတယ်။ ဒုက္ခိတတွေ လမ်းပြန်လျှောက်လာကြတယ်။ မျက်စိကန်းတဲ့သူအချို့ကိုတောင် အမြင်ပြန်ရစေခဲ့တယ်။

ယေရှုလူတွေကို ကူညီပြီး လုပ်ဆောင်ပေးနေတဲ့ အရာတွေအားလုံးက သူဟာ ဘုရားသခင်ရဲ့သားတော် အမှန်ဖြစ်ကြောင်း သက်သေပြဖို့နဲ့ ကျွန်ုပ်တို့ကို ဘုရားသခင်နဲ့ ဝေးကွားစေတဲ့ အပြစ်ရောဂါဆိုးကြီးကို ဖယ်ရှားဖို့ သူဟာစေလွှတ်ခံရတဲ့သူဖြစ်ကြောင်း သက်သေပြဖို့ပဲဖြစ်ပါတယ်။

နောက်ဆုံးတော့ ဘုရားသခင်ရဲ့ အကြံအစည်က ပြည့်စုံမယ့်အချိန် ရောက်လာပါတော့တယ်။

ယေရှုက ဘုရားသခင်၏တန်ခိုးတော်ကိုလက်တွေ့ပြသပြီး ဘုရားသခင်၏နိုင်ငံတော်အကြောင်း သတင်းစကားသစ်နဲ့ လူသားအားလုံးထံရောက်လာမယ့် ကယ်တင်ခြင်းအကြောင်း တရားဟောတဲ့အတွက် ဘာသာရေးခေါင်းဆောင်တွေ အရမ်းစိတ်ဆိုးကြတယ်။ ယေရှုကိုဖမ်းဆီးပြီး တရားရုံးတော်ရှေ့မှာအပြစ်ရှိကြောင်း စွပ်စွဲချက်တင်ကြတယ်။

အဲဒီခေတ် အပြစ်ဒဏ်ခတ်တဲ့ပုံစံကတော့ သစ်သားနှစ်ခုဆက်ထားတဲ့ ကားတိုင်ပုံစံလုပ်ထားတဲ့သစ်တိုင်ပေါ်မှာ ချိတ်ဆွဲပြီးသတ်ဖို့ဖြစ်တယ်။

လူတွေဟာသူတို့ဘာလုပ်နေကြတယ်ဆိုတာကို မသိကြဘူး။ ဒါဟာ ဘုရားသခင်ရဲ့အစီအစဉ်ထဲက အစိတ်အပိုင်းဖြစ်တယ်ဆိုတာ သူတို့မသိကြပါဘူး။ ယေရှုဟာ ဒီကိစ္စဖြစ်မလာအောင်တားဖို့ ကောင်းကင်တမန် တစ်သောင်း ကို ခေါ်လို့ရပေမယ့် ထိုနေ့မှာ သူ့အသက်ကို လိုလိုလားလား ပေးအပ်ခဲ့ပါတယ်။

ဒါဆိုရင် ဒီစုံလင်တဲ့လူသား
ဘာကြောင့် အသေခံရတာလဲ……

ယေရှုဟာ အပြစ်ကင်းစင်သောသူပါ။ ယေရှုမှာ အပြစ်မရှိပါဘူး။ သင်က အပြစ်ရှိတဲ့သူပါ။ ကျွန်ုပ်တို့အားလုံးဟာ အပြစ်သားတွေပါ မိတ်ဆွေ။

ယေရှုဟာ ကျွန်ုပ်တို့အားလုံး စင်ကြယ်စေဖို့ သင်နဲ့ကျွန်ုပ်ရဲ့ အပြစ်တွေကို ယူဆောင်ပေးတဲ့ အပြစ်ကင်းစင်တဲ့ ယဇ်ကောင်ဖြစ်ပါတယ်။ ကျွန်ုပ်တို့ လွတ်မြောက်ခြင်းရရှိဖို့ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ ဘုရားသခင်ကို သိကျွမ်းစေဖို့ဖြစ်ပါတယ်။

ယေရှု ဘာကြောင့် ကားတိုင်ပေါ်မှာ အသေခံဖို့ဖြစ်ရတာလဲ။ သင့်အပြစ်တွေကို ထာဝရယူဆောင် သွားဖို့အတွက်ပဲ ဖြစ်ပါတယ်။ ယေရှုသာလျှင် ကျွန်ုပ်တို့ရဲ့ အပြစ်တွေအတွက် အပြစ်ဒဏ်ကျ ခံပေးတဲ့သူ ဖြစ်ပါတယ်။

ယေရှုတစ်ပါးတည်းသာလျှင် ဘုရားသခင်ဆီကိုပြန်ရောက်စေနိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းဖြစ်ပါတယ်။

ဒီဇာတ်လမ်းမှာ တကယ်ကောင်းတဲ့အပိုင်းကတော့ ယေရှုကားတိုင်ပေါ် အဖိုးအခပေးပြီး အပြစ်ကိုအောင်နိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ယေရှု ငရဲကိုအောင်နိုင်ခဲ့တယ်။ မာရ်နတ်ကို အောင်နိုင်ခဲ့တယ်။

ပြီးတော့… ဘုရားသခင်ဟာ ယေရှုကို ၃ရက်မြောက်နေ့မှာ သေခြင်းကနေ ထမြောက်စေခဲ့ပါတယ်။

ဒီလိုဖြစ်ပျက်ပြီးတဲ့အခါမှာ ယေရှုဟာ အပြစ်ဆိုတဲ့ အဆီးအတားကြီးကို လုံးလုံးလျားလျား ဖျက်စီးလိုက်ပြီပဲဖြစ်ပါတယ်။

ကဲ...နောက်ဆုံးမှာတော့ ဘုရားသခင်နဲ့ ကျွန်ုပ်တို့ရဲ့ ရင်းနှီးဆက်ဆံရေးကို ပြန်လည်တည်ဆောက်ပေးမယ့် လမ်းကပွင့်သွားပြီဖြစ်ပါတယ်။ အသက်ရှင်ခြင်း တံခါးမကြီးဟာ လူသားအားလုံးအတွက် တစ်ဖန်ပြန်လည်ဖွင့်ထားပြီဖြစ်ပါတယ်။

အရင်ကတော့ ကျွန်ုပ်တို့တွေ ဝင်ခွင့်မရကြပါဘူး။ အခုတော့... ကျွန်ုပ်တို့ဟာ ကြိုဆိုခြင်းကိုခံရပြီဖြစ်ပါတယ်။

အရင်ကတော့ ကွန်ုပ်တို့ဟာ ငရဲမှာ ထာဝရနေရဖို့ဖြစ်ပေမယ့် အခုချိန်မှာတော့ ယေရှုအားဖြင့် ကောင်းကင်ဘုံမှာ ဘုရားသခင်နဲ့အတူနေရဖို့ ထာဝရအသက်အတွက် စိတ်ချမှုရရှိပြီဖြစ်ပါတယ်။

ဒါပေမယ့် အခြေအနေတစ်ခု ရှိနေပါသေးတယ်။ ကျွန်ုပ်တို့ ယေရှုကို ယုံကြည်ဖို့ လိုအပ်ပါတယ်။ ယေရှုကဘယ်သူဆိုတာရယ် ကျွန်ုပ်တို့အတွက် ယေရှုပြုလုပ်ပေးခဲ့တဲ့အရာတွေကို ယုံကြည့်ရပါမယ်။

ကျမ်းစာက ဘုရားသခင်ဟာ လူသားတွေကို ချစ်လွန်းတဲ့အတွက် သူ့ရဲ့တစ်ပါးတည်းသောသားတော်ကို ကားတိုင်ပေါ်မှာ ယဇ်ကောင်အဖြစ် ပေးခဲ့တယ်။ သူ့ကိုယုံကြည်တဲ့သူတိုင်းဟာ ပျက်စီးခြင်းကိုမရောက်ဘဲ ထာဝရအသက်ကိုရလိမ့်မယ် လို့ ကျွန်ုပ်တို့ကိုဖော်ပြထားပါတယ်။

ဘုရားသခင်ဟာ သင့်ကိုချစ်တဲ့အတွက် သင့်ကိုလက်ခံဖို့ ဆုံးဖြတ်ချက်ချပြီးသားဖြစ်ပါတယ်။

ယေရှုဟာသင့်အတွက် သူ့အသက်ကိုပေးဆပ်ခဲ့ပြီးဖြစ်တဲ့အတွက် သင့်ကိုကြိုဆိုဖို့ ဆုံဖြတ်ပြီးသားဖြစ်ပါတယ်။

ကျွန်ုပ်အပါအဝင် သန်းပေါ်များစွာသောလူတွေဟာ ယေရှုကိုယုံကြည်နှင့် ယေရှုပေးအပ်တဲ့ အသက်တာသစ်ကို လက်ခံဖို့အတွက် ဆုံးဖြတ်ပြီးပြီဖြစ်ပါတယ်။

ကျွန်ုပ်တို့ ဆုံးဖြတ်ချက်တွေချပြီးဖြစ်ပါတယ်။ ယနေ့ သင်လည်း ဆုံးဖြတ်ချက်ချနိုင်ပါတယ်။

ဒီနေ့ ကျွန်ုပ်ပြောသမျှကို အပြည့်အစုံသင်နားလည်ချင်မှ နားလည်ပါလိမ့်မယ်။ ဒါပေမယ့် ``ဒီဇာတ်လမ်းလေးနဲ့ပတ်သတ်ပြီး ကျွန်ုပ်နလုံးသားထဲမှာ တစ်ခုခုခံစားရသလိုပဲ… စိတ်ထဲကနေ ဒီအဖြစ်အပျက်လေးက မှန်နေတယ်လို့ တစ်ခုခုကပြောနေတယ် ´´ လို့ သင့်ကိုသင်ပြောကောင်း ပြောနေနိုင်ပါတယ်။

အခုချိန် သင့်ကိုယ်သင် ဒီလို တွေးကောင်းတွေးနေပါလိမ့်မယ်…

"ဘုရားသခင်နဲ့ ဝေးကွာစေတဲ့ အရာတွေဘာမှ ထပ်မလိုချင်တော့ဘူး။"

"အပြစ်ကနေလာတဲ့ ကျိန်ခြင်းကနေ လွတ်မြောက်ချင်တယ်။"

"ဘုရားသခင်က ဘယ်သူလဲဆိုတာ သိချင်တယ်။"

"ကျွန်ုပ် ယေရှုကို ယုံကြည်ချင်တယ်။"

အကယ်၍ ဤကဲ့သို့ သင့်ခံစားချက်တွေက ပြောပြနေတယ်ဆိုရင် ဒီဆုတောင်းချက်လေးကို အသံလွှင့်ဆုတောင်း စေချင်ပါတယ်။

**<u>ဆုတောင်းချက်</u>**

ကောင်းကင်ဘုံ၌ ရှိတော်မူသောဘုရားသခင်၊ ကိုယ်တော့ကို ကျွန်ုပ်ယုံကြည်ပါတယ်။ ကျွန်ုပ်အပြစ်ကို ယူဆောင်သွားဖို့ ယေရှုကားကိုင်မှာ အသေခံခဲ့တယ်ဆိုတာကို ယုံကြည်ပါတယ်။ သေခြင်းနှင့်ငရဲကို အောင်နိုင်ရန် ယေရှုကိုသေခြင်းမှ ကိုယ်တော်ထမြောက်စေကြောင်းကို ယုံကြည်ပါတယ်။ ယနေ့ ကျွန်ုပ်သည် ယုံကြည်ဖို့ရန်အတွက် ရွေးချယ်ပါတယ်။ ယေရှုပေးတဲ့ အသက်တာသစ်ကို လက်ခံပါတယ်။ ကျွန်ုပ်ကိုကယ်တင်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ အာမင်။